# လိပ်ဒီပိကာကျမ်း

ယောအတွင်းဝန်

ဦးဖိုးလှိုင်

မြန်မာဘာသာဖြင့် ကြေးနန်းရိုက်နည်းနှင့်

မြန်မာဘာသာ တခုလုံးအတွက်

အခြေခံ အကျဆုံး

သဒ္ဒါသဘောများနှင့် ရေးနည်းများ

## ပဋိညာဉ်

မြန်မာအက္ခရာ ပုံသဏ္ဌာန်တို့၏ ရေးနည်းကို ရှေးပညာရှိတို့ ကျဉ်းအောင်ချုံး၍ ထားသောကြောင့် အသိခဲခက်ရှိသည်များကို အရင်းအမြစ်နှင့် သိစေခြင်းငှာ လိပိဒီပိကာ မည်သော ကျမ်းကို ရေးသားပေအံ့။

## အက္ခရာ (ဝဏ္ဏ) အမျိုးမျိုး

အ၊ အာ အစရှိသော အသက်ရှိသော သတ္တဝါတို့၏ ခံတွင်းမှဖြစ်သော စိတ္တဇအသံသည် အက္ခရာမည်၏။

၁။ အသံဟူသော အက္ခရာကို သတိရစေခြင်းငှာ အမှတ်သညာအားဖြင့် စက္ကူ၊ ပေ၊ ပုရပိုက် စသည်တို့၌ ရေးသားထားကြကုန်၏။

၂။ ယင်းသို့ ရေးသားထားသော အက္ခရာ ပုံသဏ္ဌာန်ကို လိပိသဒ္ဒါ၊ လိခိသဒ္ဒါတို့သည် ဟောကုန်၏။

၃။ အက္ခရာသဒ္ဒါ၊ ဝဏ္ဏသဒ္ဒါတို့မူကား အ၊ အာ အစရှိကုန်သော စိတ်ကြောင့် ဖြစ်ကုန်သော စိတ္တဇအသံတို့ကို ဟောကုန်၏။

၄။ ဤစိတ္တဇအသံဟူသော အက္ခရာတို့သည် လောက၌ အရပ်ဒေသ လူမျိုးအများအပြား ရှိသောကြောင့် ဘာသာမျိုးအများအပြား ကွဲသည်ကိုလိုက်၍ အက္ခရာ အရေးအတွက် ကွဲပြားသဖြင့် အက္ခရာတို့၏ အရေးအသား ပုံသဏ္ဌာန်တို့သည်လည်း အထူးထူး အထွေထွေ ကွဲပြားကြကုန်၏။

## မဂဓဘာသာမှ ဘာသာအမျိုးမျိုး ဖြစ်လာပုံ

၅။ ယင်းသို့ ကွဲပြားကြငြားသော်လည်း လူမျိုးဟူသမျှတို့သည် ဥပပတ် ဖြစ်လာသော ကပ်ဦးဗြဟ္မာမှ ဆင်းသက်ကြသောကြောင့် ကပ်ဦးဗြဟ္မာတို့ ပြောမြဲဖြစ်သော မာဂဓ ဘာသာတခုမှ ကွဲပြား၍ အရပ်ဒေသသို့ လိုက်ပြီးလျှင် ဘာသာအထူးထူး အထွေထွေ ဖြစ်သည်ဟူ၍ မှတ်လေ။

၆။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်် အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ တို့၌ မဂဓဘာသာသည် မူလဘာသာဖြစ်၍ မြတ်စွာဘုရားတို့သည် မာဂဓဘာသာဖြင့် တရားဟောတော်မူကြောင်း အစရှိသည်ကို ဆိုကုန်၏။

၇။ ဤဆိုခဲ့ပြီးသော အကြောင်းများကို ထောက်၍ ဘာသာမျိုး ဟူသမျှသည် မာဂဓဘာသာမှ ကွဲပြားသော ဘာသာချည်းမှတ်လေ။

## အက္ခရာနှင့် ပုံသဏ္ဌာန်

၈။ အက္ခရာ အမျိုးမျိုး၊ အက္ခရာတို့ကို ရေးသားသော ပုံသဏ္ဌာန် အမျိုးမျိုး ရှိကြသောကြောင့် တစုံတခုသော ဘာသာ၏ အက္ခရာကို ထိုဘာသာကို ပြောသော လူမျိုးမှတပါး အခြားလူမျိုး၏ အက္ခရာ ပုံသဏ္ဌာန်ဖြင့် ရေးသားနိုင်သည် ဟူ၍လည်း မှတ်လေ။

၉။ ထို့ကြောင့် မာဂဓဘာသာ ပါဠိဖြစ်သော ကာကောဟူသော ပုဒ်၌ ကာ ဟူသော အက္ခရာ၊ ကော ဟူသော အက္ခရာတို့ကို ဧရယန်း[1] ဟူသော အရေးဖြင့်၎င်း၊ ဗင်္ဂါလီ အရေးဖြင့်၎င်း၊ နာဂရီ အရေးဖြင်၎င်း၊ သီဟိုဠ် အရေးဖြင့်၎င်း၊ မြန်မာ အရေးဖြင့်၎င်း၊ အင်္ဂလိပ် အရေးဖြင့်၎င်း အလိုရှိသော အရေးအသား အက္ခရာ ပုံသဏ္ဌာန်ဖြင့် ရေးသားနိုင်၏။ ယင်းသို့ အရေးအသား ပုံသဏ္ဌာန် ကွဲပြားကြသော်လည်း ဖတ်ရွတ်သော အသံမူကား တူကြကုန်၏။

၁၀။ ဤပြဆိုခဲ့ပြီးသော အရေးမျိုးတို့တွင် ဧရယန်း အရေးမှာ မြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ် ပရိနိဗ္ဗာန် ပြုတော်မူသော ရှင်သာရိပုတ္တရာ ဓာတ်တော်၊ ရှင်မဟာ မောဂ္ဂလန် ဓာတ်တော်များကို ဌာပနာ၍ တည်သော စေတီပြိုပျက်၍ ရသည့် ကျောက်သေတ္တာ အတွင်း၌ ဓာတ်တော်ထည့်သော ကန့်ကူ ကျောက်အိုးတွင် ရှင်သာရိပုတ္တရာ အတ္တုပ္ပတ္တိ၊ ရှင်မဟာ မောဂ္ဂလန် အတ္တုပ္ပတ္တိများကို ရေးလျက်ရှိသော အရေးအသား [2]၊ သီရိဓမ္မာသောကမင်း

[1] Ariyan ကို ဆိုလိုသည်။ သက္ကတဘာသာ အသံ၌ အာရ်ယျ ဟုခေါ်သည်။

[2] ရှေးအခေါ် အဝန္တိတိုင်း ဥဇ္ဇေနီပြည် ဝေဒိသကေ တောင်ရံ ဆန်ချီ Sanchi ခေါ် အရပ်ရှိ အသောကမင်းကြီး ကောင်းမှု စေတီးကြီး သုံးဆူအနက် တဆူမှ ရရှိခြင်း ဖြစ်သည်။ ခရစ် ၁၈၅၁ခုနှစ် ကျောက်စာမင်းကြီး ဂျင်နရယ်ကန်နင်ဂန် General Cunningham သည် ဘိုပါလ်နိုင်ငံ Bhopal State ရှိ အဆိုပါ စေတီကြီးကို တူးဖော်လေရာ ဌာပနာတိုက်ကြီး အတွင်းမှ ကျောက်သေတ္တာကြီး ၂လုံး ရသည်။ တောင်ဘက် အလုံးတွင် ဖြဟ္မီ အက္ခရာဖြင့် (သ) ဟူ၍၎င်း၊ သာရိပုတ္တသ ဟူ၍၎င်း၊ မြောက်ဘက်အလုံးတွင် (မ) ဟူ၍၎င်း၊ မဟာမောဂ္ဂလာနသ ဟူ၍၎င်း ရေးထားသည်ကို တွေ့ရလေသည်။

လက်ထက် တတိယ သံဂါယနာတင်ပြီးနောက် သာသနာပြု ကိုးဌာနအဝင် ဟိမဝန္တာရှိ တိုင်းငါးရပ်သို့ သာသနာပြု စေလွှတ်သော မဇ္ဈန္တိကထေရ် အမှူးရှိသော ရဟန္တာ ငါးပါးအဝင် ဖြစ်သော ကဿပဂေါတ္တထေရ် အတ္ထုပ္ပတ္တိကို ရေးလျက်ရှိသော အရေးအသားများကို တွေ့မြင်ရသဖြင့် [1] ရေယန်း အရေးအသား ရှိကြောင်း၊ ကာလအရှည် ရေးကျကြောင်း များကို သိရသည်။ ဤဓာတ်တော်အိုးများတွင် ပါသည့် ရေယန်း အရေးကို ဖတ်လျှင် မာဂဓဘာသာချည်း ဖြစ်သည်။ ရေယန်း အရေးဟူသည် အရိယာ အရေးဆိုလိုသည်။

## အကျဉ်းရေးနည်းနှင့် အကျယ်ရေးနည်း

၁၁။ စာလုံး ပုံသဏ္ဌာန်ကို ရေးသားကြရာနိုက် အကျဉ်းရေးနည်း၊ အကျယ်ရေးနည်းဟူ၍ နှစ်မျိုး ရှိသည်။

၁၂။ ယခုအခါ ပြင်သစ်၊ အင်္ဂလိပ် လူမျိုးတို့ ရေးသားကြသည့် စာလုံးပုံစံသည် ပုံရိုက်ပုံ၊ လက်ဖြင့်ရေးပုံဟူ၍ နှစ်မျိုးရှိသည်။ ဤနှစ်မျိုးတွင် ပုံရိုက်ပုံမှာ ရှေးအခါ ရောမနိုင်ငံတွင် ရေးသားကြသော စာလုံးပုံ အတိုင်းဖြစ်သည်။ လက်ဖြင့် ရေးသည့် စာလုံးပုံမှာ ဂရိတ်လူမျိုးတို့ ရေးသားကြသည့် စာလုံးပုံအတိုင်း ဖြစ်သည်။ ဘာသာစကားမှာ အင်္ဂလိပ်လူမျိုး၊ ပြင်သစ်လူမျိုးတို့ ပြောရင်းဘာသာ၊ ရောမလူမျိုး၊ ဂရိတ်လူမျိုးတို့ ဘာသာ အစရှိသည်တို့ကို ရောနှော၍ ပြင်သစ်ဘာသာ၊ အင်္ဂလိပ်ဘာသာ ဖြစ်သည်။

၁၃။ အင်္ဂလိပ်၊ ပြင်သစ် လူမျိုးတို့၏ စာလုံးပုံ ရေးနည်းသည် အကျယ်ရေးနည်း ဖြစ်၏။ ရေယန်းရေးနည်း၊ ဗင်္ဂါလီရေးနည်း၊ နာဂရီရေးနည်း၊ သီဟိုဠ်ရေးနည်း၊ မြန်မာရေးနည်းများမှာ အကျဉ်းရေးနည်း ဖြစ်ကြကုန်၏။

၁၄။ အကျဉ်းရေးနည်းကို သုံးသော လူမျိုးတို့၏ စာလုံးပုံရေးနည်းသည် သရရေးပုံနှစ်မျိုး၊ အချို့သော ဗျည်းရေးပုံနှစ်မျိုးစီ ထား၍ ကျဉ်းအောင် ရေးသားကြကုန်၏။

---

[1] အသောက မင်းတရားကြီး ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်ခြင်း အကြောင်းတို့ကို ဒီပဝင်၊ မဟာဝင်၊ ပါရာဇိကကဏ် စသော အဋ္ဌကထာတို့၌ ဖော်ပြကြသည်။ အသောက မင်းတရားကြီး၏ ကောင်းမှု ဆန်ချီစေတီ အမှတ်၂ အတွင်းမှ တွေ့ရသည့် ဓာတ်တော်ကြုတ် ဘေးပတ်လည်တွင် ကိုးဌာန သာသနာပြုတို့တွင် ပါသည့် ကဿပဂေါတ၊ ဝါစိသုဝိဇယ စသော ရဟန္တာတို့၏ ဓာတ်တော်များဖြစ်ကြောင်း ရေးထိုးထားလေသည်။ အဆိုပါ ဓာတ်တော်ကြုတ်၏ အတွင်း၌ (ကန့်ကူကျောက်ဖြင့် ပြုလုပ်ထားသော) ကြုတ်ကလေး လေးလုံးတို့ကို ဓာတ်တော်များနှင့်တကွ တွေ့ရပြန်လေရာ အဖုံးများတွင် ကဿပဂေါတ၊ မဇ္ဈိမ၊ ဟာရိတိပုတ္တ၊ ဝါစိသုဝိဇယ၊ မဟာဝေနယ၊ အပ္ပဂိဝ၊ ကောဒိနိပုတ္တ၊ ကောသိကိပုတ္တ၊ ဂေါတိပုတ္တ၊ မောဂ္ဂလိပုတ္တ ဟူသော ဘွဲ့တော်များကို ဗြာဟ္မီအက္ခရာဖြင့် တွေ့ရလေသည်။

## သရနှင့်ဗျည်း

၁၅။ အဒေအာ အစရှိကုန်သော စိတ္တဇအသံ ဖြစ်သော အက္ခရာမျိုးတို့တွင် အသံကို ဖြစ်စေတတ်၊ နားနိုက် ကြားစေတတ်သော အသံရှိသော အက္ခရာကို အသံကိုဟောသော သရ သဒ္ဒါဖြင့် ခေါ်အပ်၏။

၁၆။ အသံကို မဖြစ်စေတတ်၊ နားနိုက် မကြားစေတတ်သော အနက်ကို ပြရုံမျှသာဖြစ်သော အက္ခရာကို ဗျည်းဟု ခေါ်အပ်၏။

၁၈။ ဗျည်းကို ရွတ်သောအခါ မျက်တောင်တခတ်အောက် တိုသောကာလဖြင့်သာ ရွတ်အပ်သောကြောင့် အသံမထွက်၊ နားနိုက်မကြား။

၁၉။ ထို့ကြောင့် ဗျည်းကို နားနိုက် ကြားစေလိုသော် သရထည့်၍ ရွတ်အပ်သည်။

၂၀။ ဗျည်းနှင့်သရ ပေါင်းရှည်ကြသောအခါ များသောအားဖြင့် ဗျည်းသည် ရှေ့၊ သရသည်နောက်၊ ပေါင်းရှည်မြဲ။ အချို့သော အနည်းငယ်မျှသော ဗျည်းမူကား သရနှင့် ပေါင်းရှည်သောအခါ သရသည်ရှေ့၊ ဗျည်းသည်နောက် ပေါင်းရှည်၏။

၂၁။ ထို့ကြောင့် နိဂ္ဂဟိတ်ဗျည်း၊ ဝိသဇ္ဇနီဗျည်း၊ အမြစ်ဗျည်း[1] တို့ သရနှင့် ပေါင်းရှည့်အခါ သရသည်ရှေ့၊ နိဂ္ဂဟိတ်၊ ဝိသဇ္ဇနီ၊ အမြစ်တို့သည် နောက်ဖြစ်၏။

၂၂။ ကြွင်းသော ဗျည်းတို့မူကား သရသည်နောက်၊ ဗျည်းသည်ရှေ့ ဖြစ်၍ ရှည်ကြကုန်၏။ ထို့ကြောင့် မည်သည့် အက္ခရာမဆို သက်သက် တလုံးချင်းဖြင့် အသံကို ဖြစ်စေနိုင်လျှင် သရ၊ အခြားအက္ခရာနှင့် တွဲမှ အသံထွက်မူ ဗျည်းဟူ၍လည်း သရ၏အဖြစ်၊ ဗျည်း၏အဖြစ်တို့ကို ရွတ်သံကို ထောက်သဖြင့်ပင် ခွဲခြမ်း၍ သိနိုင်၏။

၂၃။ ဤသို့ ဆိုခဲ့ပြီးသည်တို့ကား လူအမျိုးမျိုးတို့၏ ဘာသာအမျိုးမျိုးတို့နိုက် ရှိသော စိတ္တဇ အက္ခရာတို့၏ သဘောတည်း။

---

[1] သေးသေးတင်၊ ဝစ္စနစ်လုံးပေါက်၊ အောက်မြစ်

# မြန်မာသရ ၁၁လုံး၊ ဗျည်း ၃၅လုံး

၂၄။ မြန်မာလူမျိုးတို့နှိုက်မူကား-

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| အာ | အာ | ဣ | ဤ | ဥ | ဦ | ဧ | ဧဲ | ဩ | ဪ | အို |

ဟူ၍ သရ ဆဲ့တလုံး ရှိကုန်၏။

၂၅။

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| ဟ | ဠ | အံ့ | အံ | အး |

ဟူ၍ ဗျည်းသုံးဆဲ့ငါးလုံး ရှိကုန်၏။ သရ၊ ဗျည်း နှစ်မျိုးပေါင်း အက္ခရာ လေးဆဲ့ခြောက်လုံး ရှိကုန်၏။ အ-မြစ်ဗျည်းကိုမူ (အ)သရရှိသော နိဂ္ဂဟိတ်နှင့်ရော၍ ပြ၏။

၂၆။ ဤလေးဆဲ့ခြောက်လုံးသော အက္ခရာတို့ဖြင့် မြန်မာလူမျိုးတို့ ပြောဆိုသော ဘာသာစကား အလုံးစုံကို ရွတ်နိုင်၏။

၂၇။ ဂဏန်းမူကား တခုမှသည် ကိုးခုတိုင်အောင် ကိုးလုံး၊ သုညနှင့်သော် ဆယ်လုံးဖြစ်၏။

၂၈။ ဤဂဏန်းအရေး ဆယ်မျိုးဖြင့် အလုံးစုံသော ဂဏန်းသင်္ချာတို့ကို ရေးမှတ်နိုင်၏။

## ဗျည်းနှင့်ကပ်သော သရပုံများ

၂၉။ ဤအက္ခရာ လေးဆယ့်ခြောက်လုံးတို့ကို ပေ၊ ပုရပိုက်၊ စက္ကူတို့နှိုက် ရေးသောအခါ ကျဉ်းစေခြင်းငှာ သရရေးပုံ၊ ဗျည်းရေးပုံကို ချုံး၍ ဤပြလတ္တံ့သော ပုံအတိုင်း ဗျည်းနှင့်ကပ်သော သရပုံကို ရှေးပညာရှိတို့ ပြုလုပ်ပြန်၏။

၃၀။

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ါ | ိ | ီ | ု | ူ | ေ | ဲ | ော | ော် | ို |

ဤသို့ ရေးပုံတမျိုးကို ပြုလုပ်ပြီးလျှင် (အာ) ဒီဃသရ ကစ၍ အချ၊ လုံးကြီးတင်၊ လုံးကြီးတင်ဆန်ခတ်၊ တချောင်းငင်၊ နှစ်ချောင်းငင်၊ သဝေထိုး၊ နောက်ပစ် ဟု ဇဲ သရတိုင်အောင် အမည်ပေး၍ ဩ၊ ဪ၊ အို သရများမှာ သဝေထိုး-အချကို ဩ၊ သဝေထိုးချ-ရှေ့ထိုးကို ဪ၊ တချောင်းငင်-လုံးကြီးတင်ကို အို ဟူ၍ အမည်နှစ်ပါး၊ သုံးပါးစပ်ပြီးလျှင် ခေါ်ပြန်၏။

## ဗျည်းပုံစံ ပြောင်းပုံများ

၃၁။ ဗျည်းနှိုက်လည်း အခြားဗျည်းနှင့်၎င်း၊ သရနှင့်၎င်း ကပ်ရာ ရှေ့နောက် မတွဲးမူ၍ ရှေ့က ရေးသင့်သော ဗျည်းကို အထက်နှိုက်၊ နောက်က ရေးသင့်သောဗျည်းကို အောက်နှိုက် ကျဉ်းအောင် ထားပြီးလျှင်၊ အောက်ပုံနှိုက်ရှိသော ဗျည်းကို ပုံတမျိုး ပြုလုပ်ပြန်ကုန်၏။ ဤရေးသားပြလတ္တံ့သော ပုံကား၊ အောက်ပုံနှိုက် ထားရသော ဗျည်း၏ပုံနှင့် ပကတိရေးသော ဗျည်းပုံကို တိုက်ဆိုင်၍ ပြသော ပုံတည်း။

| | | | |
|---|---|---|---|
| ျ | ြ | ှ | ္န |
| ယ | ရ | ဟ | န |

## ဗျည်းသရ ပူးပေါင်း၍ အတိုရေးပုံများ

၃၂။ ဤအထက်က ရေးသော ပုံအတိုင်း ရေးပုံ ပြုလုပ်ပြန်၏။ မြစ်သော ဗျည်းကိုမူကား ဖိန္နပြု၍ အခြားဗျည်းအောက်က ရေးကြကုန်၏။

၃၃။ ဤသို့ ပြခဲ့ပြီးသော စာလုံးပုံတို့သည်ကား ယခုအခါ ရေးသားကြသော စာလုံးပုံတို့တည်း။ မြန်မာလူမျိုးတို့ ရှေးအခါ ရေးသားကြသော စာလုံးပုံတို့သည်ကား လေးထောင့်ဖြစ်၏။ ဤရှေးစာလုံးပုံဖြင့် ယခုအခါ ရွှေစာ၊ မင်စာ၊ ကမ္မဝါစာတို့၌ ရေးသားကြကုန်၏။[1]

၃၄။ ဤဗျည်း သုံးဆယ့်ငါးလုံးတို့တွင် နိဂ္ဂဟိတ်ဗျည်းသည် (အ)သရ၊ (က္က)သရ၊ (ဉ)သရ ဟူကုန်သော ရဿသရ သုံးလုံးတို့၌သာ မှီကုန်၏။

၃၅။ ဝိသဇ္ဇနီဗျည်းသည် (အာ)သရ၊ (ဤ)သရ၊ (ဦ)သရ၊ (ဧ)သရ၊ (ဧဲ)သရ၊ (အို)သရ တို့၌လည်းကောင်း၊ ဝဂ္ဂငါးလုံး သတ်သော အရာတို့၌လည်းကောင်း၊ နိဂ္ဂဟိတ် အဆုံးရှိသော အက္ခရာ၊ ငကြီး၊ လငယ်၊ ယပက်လက် သတ်သော အရာတို့၌လည်း မှီကုန်၏။

၃၆။ အမြစ်ဗျည်းသည် (ဧ)သရ၊ (ဧဲ)သရ၊ (ဩ)သရ၊ (အို)သရ တို့၌လည်း၊ ဝဂ္ဂငါးလုံးသတ်သောအရာ၊ နိဂ္ဂဟိတ် အဆုံးရှိသောအရာ၊ ငကြီး၊ လငယ်၊ ယပက်လက်သတ်သော အရာ၌လည်း မှီကုန်၏။

၃၇။ ဤသို့ ဆိုခဲ့ပြီးသော ပုံအတိုင်း အခြားဗျည်းနှင့် ယပက်လက် အစရှိသော ဗျည်းတို့ကို ကပ်ရာ၊ ယပက်လက်ကစ၍ ယပင့်၊ ရရစ်၊ ဟထိုး၊ နလိမ်ဟူသော အမည်ပေးပြန်၏။

၃၈။ ဤပြခဲ့ပြီးသော အကျဉ်းရေးနည်း ပုံအတိုင်း ဗျည်းနှင့်သရ၊ ဗျည်းကိုဗျည်းချင်းကပ်၍ ယခုအခါ ရေးသားကြသော ပုံကား (အ)သရ ကစ၍ ဗျည်းနှင့်ကပ်သော သရပုံတို့နှင့် ဗျည်းပေါင်းစပ်၍ ရေးလျှင်-

---

[1] ယောဘုယျသာဖြစ်သည်။ အက္ခရာညီဝန်း၊ မချွန်းမထောင့်၊ ဖြောင့်ဖြောင့်သားသား၊ မများအက္ခရာ၊ သိသာစလှ ဟူသော တောင်ဖီလာ၏ သြဝါဒရတုအရ ဒုတိယအင်းဝခေတ်တွင် ခရာဝန်းများစွာ သုံးနေပြီဖြစ်ကြောင်း သိသာသည်။

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| က | ကာ | ကိ | ကီ | ကု | ကူ | ကေ | ကဲ | ကော | ကော် | ကို |

ဤသို့ဖြစ်၏။ ကကြီးနှင့် ယပက်လက် ကပ်၍ သရနှင့် အစဉ်အတိုင်း ကပ်ပြီးလျှင် -

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ကျ | ကျာ | ကျိ | ကျီ | ကျု | ကျူ | ကျေ | ကျဲ | ကျော | ကျော် | ကျို |

ဤပုံအတိုင်း ဖြစ်၏။ ရကောက်နှင့် ကပ်ပြန်လျှင်လည်း-

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ကြ | ကြာ | ကြိ | ကြီ | ကြု | ကြူ | ကြေ | ကြဲ | ကြော | ကြော် | ကြို |

ဤပုံအတိုင်း ဖြစ်၏။ ဟထိုးရာနှိုက်လည်း-

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ငှ | ငှာ | ငှိ | ငှီ | ငှု | ငှူ | ငှေ | ငှဲ | ငှော | ငှော် | ငှို |

ဤပုံအတိုင်း ဖြစ်၏။

၃၉။ ဤဟအက္ခရာသည် ဝဂ္ဂန္တငါးလုံးနှင့် ယပက်လက်၊ ရကောက်၊ ငှကြီး၊ လငယ်၊ ဝအက္ခရာတို့နှိုက်သာ ရှည်နိုင်၏။

၄၀။ အသျှင်ဟူသော သခင်ဟော ပုဒ်များနှိုက်မူကား သအက္ခရာနှိုက်လည်း ရှည်လျက်ရှိ၏

၄၁။ ဤသို့ ယခုအခါ အကျဉ်းရေးပုံအားဖြင့် အက္ခရာပုံ အကွဲအပြားလုပ်၍ ရေးသားရာနှိုက် သဝေထိုးဟူသော သေရသည် မုချဗျည်းနောက်က နေရမည် ဖြစ်သော်လည်း ရေးပုံတွင် ရှေ့ကရေးလျက် ရှိ၏။ ဖတ်ရွတ်သော အသံမူကား နောက်ကပင် ထွက်သောကြောင့် ဗျည်း၏နောက်နေသည် ဟူ၍ပင် မှတ်လေ။

၄၂။ သမ္ဘန်ဟော (ဧ)သရကို ညသတ် အမြစ်နှင့် ရေးသော အရာနှိုက် အကျဉ်းစာလုံးပုံအတိုင်း ရေးလျှင် (ဧ)သရတွင် ဉငယ် အက္ခရာကပ်၍ ဉငယ်၏ အမြီးကို မတပ်ပဲ ရေးရ၏။

၄၃။ ပုဗ္ဗကာလကိရိယာဟော ရကောက်ဝဆွဲ၊ သဝေထိုး၊ ယပက်လက်သတ်၊ အမြစ်နှင့် ရေးသင့်သော အရာကို အကျဉ်းအားဖြင့် ရေးလျှင် သဝေထိုးနှင့် ရကောက်ကို ကပ်၍ ဝဆွဲ၊ ယသတ် ပုံသဏ္ဍာန်ရေးရာနှိုက် ရကောက်

ခေါင်းဖျောက်၍ ယပက်လက် အသတ်ကို ယပက်လက်ကို ဖျောက်ပြီးလျှင် ရကောက်ပေါ်နှိုက် အသတ်တံခွန်ကို တင်၍ ရေးရာသည်။

၄၄။ သြကာသ အနက်ပော၊ နငယ်ပာထိုး၊ (အို)သရနှင့် ကသတ်၍ ရေးသင့်သော အရာနှိုက် (က)အက္ခရာ၊ (အို)သရများကို ဖျောက်၍ နငယ်ပာထိုး တံခွန်တင်နှင့် အကျဉ်းအားဖြင့် ရေးကြ၏။

၄၅။ ရှေးကျောက်အက္ခရာများတွင် ပုဗ္ဗကာလ ကိရိယာ (၍) ကိုရေးရာ သဝေထိုး-ဝဆွဲ-ယပက်လက်သတ်-အမြစ်နှင့် ရေးသည်။

၄၆။ တနင်္ဂနွေ အစရှိသော နေ့ကို ရေးရာ ရှေးကျောက်အက္ခရာများနှိုက် နငယ်-သဝေထိုး-လုံးကြီးတင်-ယပက်လက်သတ်- အမြစ်နှင့် အရေးရှိသည်။

## အကျယ်ရေးနည်း

၄၇။ ဤပြခဲ့ပြီးသော ဗျည်းနှင့် သရကပ်ပုံ၊ ဗျည်းကို ဗျည်းချင်း ကပ်ပုံများကား ကျဉ်းသော ရေးနည်းတည်း။ ကျဉ်းသော ရေးနည်း စားလုံးပုံအတိုင်း မရေးပဲ၊ ကျယ်သော စာလုံးပုံအတိုင်း ကကြီးနှင့် သရစုကို ဗျည်းကရှေ့၊ သရကနောက်ထား၍ အစဉ်အတိုင်း ရေးလျှင်-

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ကအ | ကအာ | ကဣ | ကဤ | ကဥ | ကဦ | ကဧ | ကဓဲ | ကဩ | ကဪ | ကအို |

ဤပုံအတိုင်းဖြစ်၏။ ဖတ်သောအခါ ကျဉ်းသော ရေးနည်းအတိုင်း ဖတ်ရာ၏။

၄၈။ ဤအတိုင်း ကြွင်းသော ဗျည်းတို့နှင့် သရတို့ကို ရှေ့နောက်ထား၍ ရေးလျှင် ကျယ်သော ရေးနည်းဖြစ်၏။

၄၉။ ဗျည်းနှစ်လုံး သုံးလုံးဆင့်၍ အကျဉ်းရေးသည်ကို အကျယ်ရေးလိုသော် အထက်ဆုံးဗျည်းသည် ရှေ့ဆုံးဖြစ်၏။ အလယ်ဗျည်းသည် အလယ်နှိုက်ဖြစ်၏။ အောက်ဆုံးဗျည်းသည် နောက်နှိုက်ဖြစ်၏။ ထိုဗျည်းတို့နှိုက် ရှိသော

သရသည် ဗျည်းတို့၏ နောက်ဆုံးနိုက် တည်မြဲ။ နှစ်လုံး သုံးလုံး တွဲခြင်း ကပ်ခြင်းသည် ဗျည်းနိုက်သာ ဖြစ်၏။ သရနိုက်မူကား နှစ်လုံးသုံးလုံး မတွဲးစပ်နိုင်။

၅၀။ လျှာကို ရေးရာနိုက် လငယ်အက္ခရာသည် အကျဉ်းရေးရာ အထက်ဆုံး ဖြစ်၍ ရှေ့ (ဟ)အက္ခရာသည် (လ)အက္ခရာ၏အောက်၊ ယပက်လက် အက္ခရာ၏ အထက်ဖြစ်၍၊ အလယ် ယပက်လက် အက္ခရာသည် နောက်၊ (အာ)သရသည် ဗျည်းသုံးလုံးတို့၏ နောက်ဆုံးနိုက် တည်၏။ ဤနိုက် ဗျည်းသုံးလုံးသည် (အာ)သရဟူသော သရတလုံးတည်းနိုက် မှီကြကုန်၏။ ဤအက္ခရာကို ဆိုခဲ့သော အကျယ်အားဖြင့် ရေးလျှင်-

လဟယအာ

ဤသို့ရေးရာ၏။ (လ)အစရှိသော အက္ခရာ သုံးလုံးနောက်၊ အသီးသီး သရမထားမူ၍ ဗျည်းသုံးလုံးနောက်မှ အာသရ တချက်တည်း တည်ထားသောကြောင့် ဤဗျည်းသုံးလုံးသည် တပေါင်းတည်းတည်သော ဗျည်းဖြစ်သည်ဟု သိရာ၏။

၅၁။ အကျဉ်းရေးရာနိုက် (အ)သရကို ရေးသောဗျည်းတွင် အပါအဝင်ထား၍ ရေးသောကြောင့် စာလုံးပုံ အခြားမရှိ။ အကျယ်ရေးရာနိုက်ကား သရရေးပုံတမျိုး၊ ဗျည်းရေးပုံ တမျိုးစီသာ ဖြစ်သောကြောင့် ဗျည်းနောက် အသံထွက်စေလိုသည့်အတိုင်း သရကို ရေးထားရသည်။

၅၂။ နိဂ္ဂဟိတ် ကပ်၍ သည်းခံ အက္ခရာ ရေးရာနိုက် (သ)အက္ခရာ၊ (အ)အက္ခရာ၊ (ည)အက္ခရာ၊ ဝိသဇ္ဇနီ၊ (ခ)အက္ခရာ၊ (အ)အက္ခရာ၊ နိဂ္ဂဟိတ် ဤသို့အစဉ်အတိုင်း ရေးရာ၏။ ပုံကား-

သအညးခအံ

ဤသို့ အစဉ်အတိုင်း ရေးထားလျှင် သည်းခံ ဟုဖတ်အပ်၏။

၅၃။ (ည)အက္ခရာနောင်၊ သရမရှိသောကြောင့် (ည)၏ အသံမထွက်။ ညသတ်သည်နှင့်အတူ ဆိုအပ်၏။ ကြွင်းသော အရာတို့တွင် (ခံ)အက္ခရာနိုက် (ခ)ဗျည်းသည်ရှေ့၊ (အ)သရသည်နောက်၊ နိဂ္ဂဟိတ်သည် သရနောက် နေမြဲ ဖြစ်သောကြောင့် (အ)သရနောက်ထား၍ ရေးသည်။

၅၄။ အကျဉ်းရေးရာနိုက် အသရ ရေးပုံ အခြားမရှိ။ ဗျည်းနိုက် အပါအဝင် ထားသောကြောင့် သရမရှိသော ဗျည်းနှင့် (အ)သရရှိသော ဗျည်းအသိခက်ပြန်ရကား (အ)သရမရှိသော ဗျည်းနိုက် တံခွန်တင်၍ အသရ မရှိကြောင်းကို သိစေ၏။ ဤတံခွန်ကိုလည်း အသတ်ဟူ၍ ခေါ်၏။ တံခွန်တင်၍ သတ်ထားသော ဗျည်းသည် သရမရှိသောကြောင့်

အသံမထွက်။ ထို့ကြောင့် အကျဉ်းရေးရာနှိုက် အသံမထွက်စေလိုသော ဗျည်းကို တံခွန်တင်၍ သတ်ရာ၏။ သတ်၏ ဆိုသည်လည်း အသံမထွက်စေပဲ ဗျည်းကို သေစေရမည် ဆိုလိုသည်။

၅၅။ ကြည့်သောမှန်ကို ရေးရာနှိုက် အကျယ်ရေးလျှင် (မ)အက္ခရာ၊ (ဟ)အက္ခရာ၊ (အ)သရာ၊ (န)အက္ခရာ အစဉ်အတိုင်း ရေးသားလျှင် မှန် ဖြစ်၏။ ပုံကား-

မဟာအန

ဤသို့ ရေးရာ၏။ မ၊ ဟ ဗျည်းနှစ်လုံးသည် သရတလုံးတည်းနှိုက် မှီ၏။ နငယ်နှိုက် သရမရှိသောကြောင့် နငယ်နောက် သရမထားပဲ ရေးသည်။ နငယ်ကို အသံမထွက်စေပဲ အ-သတ်သံ ဖတ်အပ်သည်။

၅၆။ အထက်သို့ တက်စေသော (မြှင့်)ကို ရေးရာနှိုက် (မ)အက္ခရာ၊ (ဟ)အက္ခရာ၊ (ရ)အက္ခရာ၊ (အ)သရ၊ (င)အက္ခရာ၊ အမြစ်ဗျည်း တို့ကို အစဉ်အတိုင်း ရေးရာ၏။ ပုံကား-

မဟာရအင့

ဤသို့ရေးရာ၏။

ဝိသဇ္ဇနီနှင့် (ရှေး)ကို ရေးရာနှိုက် (ရ)အက္ခရာ၊ (ဟ)အက္ခရာ၊ (ဧ)သရ၊ ဝိသဇ္ဇနီဗျည်းတို့ကို အစဉ်အတိုင်း ရေးရာ၏။ ပုံကား-

ရဟာဧး

ဤသို့ ရေးရာ၏။

၅၇။ ကလာပ်ကျမ်းနှိုက် ဝိသဇ္ဇနီကို သူငယ်မ၏ သားမြတ်စုံနှင့် တူအောင် ရေးရာ၏ဟု ဆို၏။ နိဂ္ဂဟိတ်ကို အလုံးအပေါက် ရေးရမည်ဟု ဆို၏။

## အကျဉ်းနှင့်အကျယ် နေရာအလိုက် သုံးသင့်ပုံ

၅၈။ ဤသို့ ဆိုခဲ့ပြီးသော အကျဉ်းရေးနည်း၊ အကျယ်ရေးနည်း နှစ်မျိုးတို့တွင် အကျဉ်းရေးနည်းကို စာလုံးအနည်းငယ် ရေးရသောကြောင့် လျင်မြန်စွာ ရေးနိုင်သောကြောင့် ပေ၊ ပုရပိုက်၊ စက္ကူ အကုန်နည်းသောကြောင့်ရင်း လက်ဖြင့် ရေးသင့်သည်။

၅၉။ စကားပြောနန်း၊ အလံမျိုးစုံ အစရှိသည်တို့ဖြင့် စကားပြေလိုရာနိုက် အကျဉ်းရေးနည်းအားဖြင့် ပြုလုပ်လျှင် ဗျည်းပုံ သရပုံ နှစ်မျိုးစီ ဖြစ်၍ စာလုံးပုံအများ အမှတ်ထားရန် ရှိသောကြောင့် မသင့်။ အကျယ်ရေးနည်းအားဖြင့် အမှတ်အသားထား၍ ရေးသင့်သည်။

၆၀။ သိုးဆောင်းလူမျိုးတို့ အရေးမှာမူကား အကျဉ်းရေးရန် သရပုံ၊ ဗျည်းပုံ အထူးမရှိ။ သရပုံ တမျိုး၊ ဗျည်းပုံတမျိုးစီသာ ဖြစ်သောကြောင့် ယခုအတိုင်း အကျယ်ရေးနည်းနှင့်သာ ရေးသား သုံးဆောင်ကြ၏။

၆၁။ ယခုအခါ မန္တလေး ရတနာပုံမြို့တည်၊ နည်းတည်၊ ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင်၊ အသျှင် ဘဂရှင် မင်းတရားကြီး ဘုရားသည် ပြည်သူတို့ အကျိုးစီးပွားကို အလွန် အလိုတော် ရှိသည်ဖြစ်၍ ရှေးဘေးလောင်းတော် ဘိုးလောင်းတော် မင်းအဆက်ဆက်တို့ မလုပ်ဆောင်ဘူးသော မိုးကြိုးလျှပ်စစ်ဓာတ် သဘောကဲ့သို့ ဓာတ်သဘောဖြင့် စီရင်ပြုလုပ်သော စကားပြောနန်းကို မြန်မာသက္ကရာဇ် ၁၂၃၁ခုနှစ် သွယ်တန်းလုပ်ဆောင်တော်မူရာ စကားပြော ဓာတ်အိုးခုံတွင် ရေးသား စီရင်တော်မူသော မြန်မာ အရေးအသားပါသော အက္ခရာများမူကား သတ်ပုံ သတ်ညွှန်း ရေးထုံး ရေးနည်းအတိုင်း အက္ခရာကုန်ထားလျှင် ဓာတ်အိုး အလုပ်အဆောင် ကြီးကျယ်ရန် ရှိသောကြောင့် မြန်မာ အက္ခရာ ၄၆လုံးအနက် အရေးအသား အလုပ်အဆောင်များသည့် အက္ခရာစုကိုသာ ယူ၍ အသုံးအဆောင်နည်းသော အသံတူသော အက္ခရာတို့ကို ချန်လှပ်ပြီးလျှင် ရေးသားထားကုန်၏။ ထားသောပုံကား ဤအောက်နိုက် ပြသော အက္ခရာပုံသဏ္ဍာန်အတိုင်း ဖြစ်၏။

| | | | |
|---|---|---|---|
| က | ခ | ဂ | င |
| စ | ဆ | ဇ | ည |
| တ | ထ | ဒ | န |
| ပ | ဖ | ဘ | မ |
| ယ | ရ | လ | ဝ |
| သ | ဟ | | |
| အံ | အား | အ | |

ဤသို့ နောက်ဆုံးနိုက် ထားသော အ-မြစ်ဗျည်းနှင့်သော် ဗျည်း၂၅လုံး ဖြစ်၏။ ဤဗျည်း ၂၅လုံးတို့တွင် အ-မြစ်ဗျည်း ရေးပုံကို မြန်မာလူမျိုးတို့ ရှေးအခါ ရေးသားကြသော (အ)ရသသရပုံအတိုင်း ရေးသားသ ထား၏။

ဝိသဇ္ဇနီဗျည်းကိုလည်း (အာ)ဒီဃသရနှင့် ကပ်လျက် ရေးသားထား၏။ မြန်မာလူမျိုးတို့တွင် ရှိသင့်သော ဗျည်း ၃၄လုံးအနက် ဃကြီး၊ ဈမျဉ်ဆွဲ၊ ဓအောက်ခြိုက်၊ ဗထက်ခြိုက်၊ ဠသန်လျင်းချိတ် အစရှိသော ဗျည်း၅လုံး စုစု ဗျည်း ၉လုံးကို နုတ်၍ ကျန် ၂၅လုံးကိုသာ ရေးထား၏။

၆၂။ သရဆွဲတလုံးနှိုက်မှုကား အနုတ်မရှိ၊ တဆွဲတလုံးအတိုင်း ရေးသား၍ ထား၏။

## အကျယ်ရေးနည်း နမူနာ

၆၃။ ဤသို့ ဆိုခဲ့ပြီးသော အကျယ်ရေးနည်းအတိုင်း ယခုတန်းလုပ်သော ကြေးနန်းဓာတ်အိုးတွင် ထည့်သော အက္ခရာနှင့် စကားပြော ကြေးနန်း တန်းလုပ်သူတို့ကို ဆင့်စာပေးပုံ ရေး၍ ပြပေအံ့။

စအ၊ ကအား၊ ပရသြ၊ နအန း၊ တအန း၊ လဥပ၊ စဧ၊ သဦ၊ စအာ၊ ရဧး၊ ကရဉ္ဇ်း၊ အ၊ သဥ ံး၊ စအာ၊ ရဧး၊ တအို့၊ စအ၊ ကအား၊ ပရသြ၊ နအန း၊ တအန း၊ ရအန၊ လအမး၊ တဝအင၊ တအိုင၊ စအိုက၊ လဥပ၊ ရအန၊ မဟအ၊ စအ၊ ရဝဇ့္၊ အ၊ ရအပ၊ ရအပ၊ လဥပ၊ ဆသြင၊ ရအန၊ ရဟက္က၊ သအည၊ မဃအား၊ ကအို၊ ၁၂၃၁၊ ခဥ၊ နဟအစ၊ အ၊ တဝတင း၊ ပရဉ္ဇ်း၊ ပရဧး၊ သြင၊ လဥပ၊ ဆသြင၊ ကရအ၊ ရအ၊ မအည၊ ခအတ၊ လဟဧ၊ အ၊ ဆအန၊ တဝအင၊ လအည း၊ မအည၊ ရဝဇ့္၊ မအည၊ မဟရအ၊ လဥပ၊ ဆသြင၊ ပရဉ္ဇ်း၊ ပရဧ၊ သအည၊ မဃအား၊ ကအို၊ မအ၊ ပရအတ၊ တအင၊ လဟဃသြက၊ လအိုက၊ ရအ၊ မအည။

အထက်ပါ ယောမင်းကြီး ရေးပြချက်ကို ဖော်၍ ဖတ်နည်းကား-

စ၊ ကား၊ ပြော၊ နန်း၊ တန်း၊ လုပ်၊ စေ၊ သူ၊ စာ၊ ရေး၊ ကြီး၊ အ၊ သုံး၊ စာ၊ ရေး တို့၊ စ၊ ကား၊ ပြော၊ နန်း၊ တန်း၊ ရန်၊ လမ်း၊ တွင်၊ တိုင်၊ စိုက်၊ လုပ်၊ ရန်၊ မှ၊ စ၊ ၍၊ အ၊ ရပ်၊ ရပ်၊ လုပ်၊ ဆောင်၊ ရန်၊ ရှိ၊ သည်၊ များ၊ ကို၊ ၁၂၃၁၊ ခု၊ နှစ်၊ အ၊ တွင်း၊ ပြီး၊ ပြေ၊ အောင်၊ လုပ်၊ ဆောင်၊ ကြ၊ ရ၊ မည်၊ ခတ်၊ လှေ၊ အ၊ ဆန်၊ တွင်၊ လည်း၊ မည်၊ ရွှေ့၊ မည်၊ မျှ၊ လုပ်၊ ဆောင်၊ ပြီး၊ ပြေ၊ သည်၊ များ၊ ကို၊ မ၊ ပြတ်၊ တင်၊ လျှောက်၊ လိုက်၊ ရ၊ မည်။

၆၄။ ဤအကျယ် ရေးနည်း၌ အရစ်၊ အပင့်၊ လုံးကြီးတင်၊ တချောင်းငင်၊ အစရှိသော ဗျည်းနှင့် ကပ်သည့် သရပုံ အထူးမရှိသောကြောင့် သက်သက်သော သရရေးပုံနှင့် ဗျည်းရေးပုံတို့ကို ဆိုခဲ့ပြီးသော နည်းဖြင့် ရှေ့နောက် အစဉ်အတိုင်း ရေးထားလျှင်ပင် အလိုရှိသော စကားဖြစ်နိုင်သည်။ ထို့ကြောင့် စကားပြော ဓာတ်အိုး၏ မျက်နှာပြင်တွင် ရေးသားထားသော သရပုံ၊ ဗျည်းပုတို့ကို ဓာတ်အိုး၌ တန်းသော သံနန်းဖြင့် ဓာတ်၏ သတ္တိအားဖြင့် ထိခိုက်၍ အိမ်မြှောင်တည့်ရာ ဗျည်း၊ သရတို့ကို ယူ၍ ရေးလျှင် အလိုရှိသော စကား အကျယ် ရေးနည်းအတိုင်း ဖြစ်၏။

၆၅။ မီးမျိုးစုံ၊ အလံမျိုးစုံတို့ဖြင့် စကားပြောရာ၌လည်း သရ၊ ဗျည်းတို့အဖို့ လုံးရေစေ့အောင် မီးမျိုး၊ အလံမျိုး ပြုလုပ်ထားလျှင် အလိုရှိရာ စကားကို ပြောဆိုနိုင်သည်။ စကားပြောနန်း ဓာတ်အိုး မျက်နှာတွင် သရပုံ၊ ဗျည်းပုံတထပ်၊ ဂဏန်းပုံတထပ်၊ နှစ်ထပ်၊ ဝန်းဝိုင်း၍ ရေးလျက်ရှိသောကြောင့် အိမ်မြှောင် တည့်သည်ကာလ၊ ဗျည်းပုံ၊ သရပုံနှင့်တကွ ဂဏန်းမှာလည်း အိမ်မြှောင်ခေါင်း တည့်သောကြောင့် စာလုံးပုံနှင့် ဂဏန်းပုံ မည်သည်ကို ယူရမည် မသိနိုင်ရန် ရှိ၍ ပဌမ သတိပေး ခေါင်းလောင်း ထိုးပြီးနောက် စကားကို ပြောမည်ဖြစ်လျှင် စာလုံးမှာ အိမ်မြှောင်ခေါင်းကို တည့်စေပြီးမှ အလိုရှိရာ စကားကို ပြောနိုင်သည်။ ဂဏန်းကို ပြောလိုလျှင် ဂငယ် စာလုံးပုံတွင် အိမ်မြှောင်ခေါင်းကို တည့်စေပြီးမှ အလိုရှိရာ ဂဏန်းကို ပြောနိုင်သည်။ ပုဒ်မကို အလိုရှိလျှင် ဓာတ်အိုး မျက်နှာပြင်တွင် ပါသော အလံပုံတွင် အိမ်မြှောင် တည့်စေရမည်။

၆၆။ ဤသို့ ဆိုခဲ့ပြီးသော နည်းအတိုင်း တန်းလုပ်တော်မူသော စကားပြောနန်း၌ အမှတ်အသားထား၍ ပြောဆိုနိုင်ကုန်၏။

၆၇။ မီးဖြူ၊ မီးဝါ အစရှိသော မီးမျိုးစုံတို့ဖြင့်၎င်း၊ အလံမျိုးစုံတို့ဖြင့်၎င်း စကားပြောရာ၌ ဤဓာတ်အိုး နန်းတို့ဖြင့် စကားပြောဆို နိုင်သကဲ့သို့ အမှတ်အသားထား၍ ပြောဆို နိုင်ကုန်၏။

၆၈။ စကားပြောရန် ဓာတ်အိုး လုပ်ဆောင်ခြင်းသည်လည်း အမျိုးမျိုး ရှိကုန်၏။ အချို့ ဓာတ်အိုး၌ တီးခတ်သော အချက်ဖြင့် စာလုံးကို မှတ်ကုန်၏။ အချို့ဓာတ်အိုးစာလုံး ဟူ၍ အမှတ်သညာ ပေးသော အရေးအဆွဲတို့ဖြင့် လုပ်ဆောင်ကုန်၏။ အချို့ဓာတ်အိုး၌ သံလိုက်ကို အိမ်မြှောင်ကဲ့သို့ထား၍ လုပ်ဆောင်ကုန်၏။

၆၉။ ဤသို့ အစရှိသည်ဖြင့် အထူးထူး အထွေထွေ လုပ်ဆောင်ကြငြားသော်လည်း ယခုအခါ နိုင်ငံတော်တွင် အဦးအစ၊ ပဌမ ဖြစ်သောကြောင့် သိသာ ထင်ရှားလွယ်အောင် ဓာတ်အိုး မျက်နှာပြင်၌ စာလုံးပုံထား၍ အိမ်မြှောင်နှင့် တည့်စေသော ဓာတ်အိုးဖြင့် လုပ်ဆောင်စေတော်မူ၏။

၇၀။ ဤသို့ ဆိုခဲ့ပြီးသော စကားတို့ဖြင့် ကျီအတွင်းဝန်၊ ယောမြို့စားမင်း၊ မင်းကြီးမင်းလှ မဟာစည်သူသည် အက္ခရာ ပုံသဏ္ဍာန်တို့၏ ရေးသားနည်းကို ခပ်သိမ်းသော သူတို့ အလွယ်တကူ သိစေခြင်းငှာ စီရင်အပ်သော လိပိဒီပိကာ မည်သောကျမ်းသည သက္ကရာဇ် ၁၂၃၁ခု၊ တပို့တွဲးလဆန်း ၁၅ရက်နေ့ အပြီးသို့ ရောက်၏။

လိပိဒီပိကာကျမ်း ပြီး၏

16 July 2008 @ Digitized by NLS